Address:
P.O. Box 201, Prasingh,
Chiang Mai, Thailand 50200

Email: shanhumanrights@gmail.com
Website: www.shanhumanrights.org
Phone: +66 (0)93- 297-7754

## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရသတင်းစာအမှတ်(၈/၁၇)

ဩဂုတ်လ ၃၁ရက်နေ့ ၂၀၁၇။

**ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများဆက်လက် ဖြစ်ပွားနေသောကြောင့်ရှမ်း-မြန်မာနယ်စပ် ရှိ ဒုက္ခသည် များကို အကူပအညီ မဖြတ်တောက်သင့်**

**ဖြစ်စဉ်အကျဉ်း**

လက်ရှိ ထိုင်းနိုင်ငံနှင့် ရှမ်းပြည်နယ်စပ်တလျှောက်တွင် ရှမ်းပြည်တွင်းမှ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများ Internally Displaced Persons IDPs နေထိုင်သည့် စခန်း ၆ ခုရှိပြီး လူဦးရေစုစုပေါင်း ၆၂၀၀ ခန့်ရှိပါသည်။ ထိုဒုက္ခသည် များသည် ထိုင်းနိုင်ငံအတွင်းသို့ဝင်ရောက်နေထိုင်အလုပ်လုပ်ကိုင်ခြင်းမဟုတ်ဘဲ ရှမ်းပြည်နယ်စပ်တလျှောက်တွင်သာခိုလှုံ နေထိုင်နေကြသူများဖြစ်ပါသည်။ ဒုက္ခသည်များထဲတွင် ၇၀% မှာ အမျိုးသမီးနှင့် ကလေးများဖြစ်ကြပါသည်။

အဆိုပါ နေရပ်စွန့်ခွါသူ သျှမ်းပြည်သား ဒုက္ခသည်များမှာ ထိုင်း-ရှမ်းနယ်စပ်တွင်ခိုလှုံနေထိုင်နေသည်မှာ ယခုနှစ်တွင် ၁၈ နှစ်ကြာမြင့်ခဲ့ပြီဖြစ်သည်။၎င်းတို့သည်၁၉၉၆၁၉၉၈ခုနှစ်ကာလကထိုစဉ်ကစစ်အစိုးရကအတင်းအဓမ္မနေရပ်စွန့်ခွါခိုင်းခြင်း၊ ကျေးရွာ များအား မီးရှို့ဖျက်ဆီးခြင်းလုပ်ရပ်များကြောင့် နေရပ်မှ စွန့်ခွါထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ရွာသူ၊ ရွာသား ၃ သိန်းကျော်မှ ရွာသူ၊ရွာသားတချို့ဖြစ်ကြပါသည်။၎င်းတို့သည်နေရပ်မှထွက်ပြေးတိမ်းရှောင်စဉ်ကလည်းလမ်းခရီးတလျှောက်တွင်အစိုးရစစ်ကြောင်းများ၏ပေါ်တာဆွဲဖမ်းဆီးခြင်း၊နှိပ်စက်ညှင်းပန်းခြင်း၊သတ်ဖြတ်ခြင်းနှင့်အဓမ္မပြုကျင့်ခြင်းများ ခံခဲ့ကြရပါသည်။

၎င်းတို့သည် မွန်၊ ကရင် နှင့် ကရင်နီပြည်နယ်ဘက်မှရောက်လာသော ဒုက္ခသည်များကဲ့သို့ ဒုက္ခသည်အဖြစ် ထိုင်းအစိုးရ၏ အသိအမှတ်ပြုခြင်းလည်းမခံကြရပေ။ထို့တွက်ဆက်လက်အသက်ရှင်နေထိုင်ရန်ကိုယ့်ခြေပေါ်ရပ်တည်ကာရုန်းကန်လာခဲ့ကြသည်။

မြင့်မားသောတောင်ထိပ်များပေါ်ရှိအဆိုပါ ဒုက္ခသည် စခန်းများသည် လယ်ယာထွန်ယက်စိုက်ပျိုးလုပ်ကိုင်နိုင်သော မြေရှားပါးလွန်းလှပြီးဒုက္ခသည်စခန်းများပတ်ပတ်လည်တွင်လည်းအစိုးရစစ်တပ်နှင့်UWSA(ဝပြည်သွေးစည်းညီညွတ်ရေးတပ်ပေါင်းစု) တပ်စခန်းများဝန်းရံလျှက်ရှိပါသည်။၎င်းဒုက္ခသည်များသည် ကိုယ်ထူကိုယ်ထ စုပေါင်းအင်အားဖြင့် မိမိတို့စခန်းအတွင်း စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း သို့မဟုတ် ဘုရားကျောင်း များကို တည်ဆောက်ခဲ့ကြသည်။

အဆိုပါကြိုးစားမှုများကြောင့် ဒုက္ခသည်များအနေဖြင့် မိမိတို့လူ့အသိုင်းအဝိုင်း တခုကိုပြန်လည်ထူထောင်နိုင်စေရန် ရည်ရွယ်ပြီး ပြည်ပအလှူရှင် နိုင်ငံတကာအဖွဲ့အစည်းများက ရိက္ခာနှင့်အသုံးအဆောင်ပစ္စည်းများကိုထောက်ပံ့ပေးလာခဲ့သည်မှာ ၁၈ နှစ်ကာလ ရှိပြီဖြစ်ပါသည်။

ယခုအခါအဆိုပါဒုက္ခသည်များအားနိုင်ငံတကာအလှူရှင်များမှ ပေးကမ်းနေသည့်အခြေခံအစားအစာများကူညီထောက်ပံ့မှုများမှရပ်တန့်တော့မည်ဖြစ်သည်။ နိုင်ငံတကာအလှူရှင်များသည် မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြောင့် နယ်စပ်တလျှောက် ကူညီထောက်ပံ့မှုကို ရပ်တန့်ကာ ပြည်တွင်းသို့ ပြောင်းရွှေ့ပံ့ပိုးကူညီပေးမည်ဟု ဆိုပါသည်။ ထို့ကြောင့် ၂၀၁၇ ခုနှစ်အောက်တိုဘာလမှစပြီးထိုင်းရှမ်းနယ်စပ်ရှိရှမ်းဒုက္ခသည်စခန်း၆ခုတွင်ကူညီထောက်ပံ့မှုများကိုဖြတ်တောက်မည်ဖြစ်ကြောင်း အသိပေးကြေငြာခဲ့ပြီးဖြစ်သည်။

သို့သော် နယ်စပ်တလျှောက်တွင် ခိုလှုံနေထိုင်သော ရှမ်းပြည်သား ဒုက္ခသည်များမှာ မိမိရပ်ရွာဒေသတို့ မပြန်နိုင်ကြသေးပါ။ အဘယ်ကြောင့်ဆိုသော် မြန်မာအစိုးရ၏ စစ်တပ်သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ကို လိုက်နာမှုမရှိဘဲ ရှမ်းပြည်နယ်အတွင်း ၎င်းတို့၏တပ်စခန်းများ တိုးချဲ့ခြင်းနှင့် တိုင်းရင်းသားဒေသများသို့ အင်အားသုံး ထိုးစစ်ဆင်ခြင်းများ ဆက်လက်ပြုလုပ်လျှက်ရှိနေသဖြင့်ပြည်သူလူထုများမှာလည်းတရားဥပဒေမဲ့မှုအောက်တွင်ဆက်လက်နေထိုင်နေရစ ဖြစ်ပါသည်။

နယ်စပ်ရောက် နေရပ်စွန့်ခွါခဲ့သည့် ရှမ်းပြည်သားများ၏ နေရပ်ရင်း ရွာပေါင်းရာချီမှာ သဘာဂအလျောက်ပျက်စီးသွားခြင်းများ ရှိသကဲ့သို့ ရွာအချို့မှာ အစိုးရစစ်တပ်၊ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် ဌာနေပြည်သူ့စစ်များက သိမ်းဆည်းသွားသည် များလည်းရှိခဲ့ပါသည်။ တဖက်တွင်လည်း မြန်မာအစိုးရ၏ ရောမ စီမံကိန်းသစ်ကြီးများသည် ဒေသခံများ၏ ဆန္ဒသဘောထား ကိုမျက်ကွယ်ပြုကာတည်ရှိနေသေးသော ကျေးလက်တောရွာများ ဆက်လက်မနေရဲအောင် ခြိမ်းခြောက်နေမှုတခုဖြစ်နေပါသည်။

အကယ်၍ စစ်မှန်သော ပြည်လုံးကျွတ် အပစ်အခတ်ရပ်စဲခြင်း၊ တိုင်းရင်းသားနယ်မြေများသို့ တိုးချဲ့နေရာယူလာသည့် အစိုးရစစ်တပ်များ ဆုတ်ခွါပေးခြင်း၊ ပြည်တွင်းစစ်ကို အဆုံးသတ်ခြင်းမပြုလုပ်နိုင်ဘဲ နိုင်ငံရေးတည်ငြိမ်မှုများ အမြန်ဆုံး မဖော်ဆောင်နိုင်သေးပါက ဒုက္ခသည်များ မိမိတို့နေရပ်ရင်းကို ပြန်လည်နေထိုင်ရန် တွန့်ဆုတ်နေမည်ဖြစ်ပါသည်။

ထို့ကြောင့် ထိုင်း-ရှမ်းပြည်နယ် နယ်စပ်နေဒုက္ခသည်များ မိမိတို့သဘောဆန္ဒအလျောက်၊ သိက္ခာရှိစွာ ၊ဘေးကင်းလုံခြုံစွာဖြင့် မိမိတို့နေရပ်ရင်းသို့ ပြန်နိုင်သည့်အချိန်ထိ နိုင်ငံတကာအလှူရှင်များမှ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များ ဆက်လက်ကူညီပေးသွားရန်အနူးအညွတ်တိုက်တွန်းတောင်းဆိုအပ်ပါသည်။



ရှမ်း-ထိုင်း နယ်စပ် ရှိ ပြည်တွင်း၊ပြည်ပ ဒုက္ခသည် များ၏တည်နေရာ

မာတိကာ

အကျဉ်းချုပ်

ရှမ်းပြည်နယ်မှ ထိုင်းနယ်စပ်သို့ ပြောင်းရွှေ့ရခြင်း၏နောက်ခံအကြောင်း

- ၁၉၉၆ မှ ၁၉၉၈ အတွင်း ရှမ်းပြည်နယ် အလယ်ပိုင်းဒေသတွင် စစ်အစိုးရ ကျင့်သုံးခဲ့သော မြေလှန်မီးရှို့ စနစ်
- မြောက်ပိုင်း ဝ များအား ရှမ်းပြည်နယ် တောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်စေခြင်း (၁၉၉၉ - ၂၀၀၁)

ထိုင်း - ရှမ်းနယ်စပ်ရှိ IDPs များနှင့် ဒုက္ခသည်စခန်းများ၏ နောက်ခံအကြောင်းနှင့် လက်ရှိအခြေအနေ

- စခန်းများ၏ လက်ရှိလူဦးရေ
- ထိုင်း - ရှမ်းနယ်စပ်တွင် ဒုက္ခသည်စခန်းများ တည်ဆောက်ခြင်း
- ထိုင်းနိုင်ငံအတွင်း တခုတည်းသော ရှမ်း ဒုက္ခသည်စခန်း တည်ဆောက်ခြင်း
- IDPs စခန်းအတွင်းမှ စိန်ခေါ် မှုများ
    - တိုက်ပွဲများ၏ ခြိမ်းခြောက်မှု
    - ထွန်ယက်စိုက်ပျိုးမြေနည်းပါးခြင်း၊ သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများနည်းပါးခြင်း
    - ကျန်းမာရေးနှင့် ပညာရေး စိန်ခေါ် မှုများ
- ကုန်းကျော် ဒုက္ခသည်စခန်းတွင်းမှ စိန်ခေါ် မှုများ

IDPs နှင့် ဒုက္ခသည်များ နေရပ်သို့မပြန်နိုင်သေသော အကြောင်းရင်းများ

- ရှမ်းပြည်နယ်အတွင်း အစိုးရ၏တပ်မတော်မှ ဆက်လက် ထိုးစစ်ဆင်နေခြင်း
- အစိုးရ၏တပ်မတော်မှ ဆင်နွှဲနေသော တိုက်ပွဲများနှင့် ရှမ်းပြည်လူထုအား လူ့အခွင့်အရေးချိုးဖေါက်နေခြင်း
- ကျေးရွာများ ဆက်လက် သိမ်းဆည်းခံနေရခြင်း
- အစိုးရ၏ စီမံကိန်းကြီးများကြောင့် လယ်ယာမြေ ဆုံးရှုံးမှုများခံခံနေရခြင်း

နိဂုံး

**ရှမ်းပြည်နယ်မှ ထိုင်းနယ်စပ်သို့ ပြောင်းရွှေ့ရခြင်း၏နောက်ခံအကြောင်း**




ပြည်တွင်းစစ်နှင့် ဗမာစစ်အစိုးရ၏ ညှင်းပမ်းနှိပ်စက်မှု များကြောင့် ရှမ်းပြည်နယ်မှ ဒုက္ခသည်များ ထိုင်းနိုင်ငံသို့ တဖြည်းဖြည်းထွက် ပြေးတိမ်းရှောင်ကြရာမှ ၁၉၉၆ခုနှစ် နောက်ပိုင်း တွင်စုပြုံ၍ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ ဤပြောင်းရွှေ့မှု များသည် ၁၉၈၀ နှစ်များအတွင်း ကရင်၊ ကရင်နီနှင့် မွန်ပြည်နယ်မှ ဒေသခံ ထောင်သောင်းချီ၍ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုများနှင့် မတူညီပေ။ ၁၉၈၄ ခုနှစ်တွင် ပထမဦးဆုံး ကရင်ဒုက္ခသည်စခန်း ကို ထိုင်းနိုင်ငံတွင် စတင်တည်ထောင်ခဲ့ သည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ကရင်နီနှင့် မွန် ဒုက္ခသည်စခန်းကို တည်ထောင်လာ ကြသည်။ ၁၉၉၀နှစ်များ နောက်ပိုင်း ရှမ်းပြည်နယ်မှဒုက္ခသည်များ ပိုမိုများပြားလာရခြင်း အကြောင်းရင်း ၂ ချက်မှာ -

၁။ ၁၉၉၆ခုနှစ်တွင် ရှမ်းပြည်နယ်အလယ်ပိုင်းဒေသများအတွင်း အစိုးရစစ်တပ်၏ ပြင်းထန်သောမြေလှန် မီးရှို့မှုများ

၂။၁၉၉၉ခုနှစ်မှစ၍ မြောက်ပိုင်းမှဂလူမျိုးများအားထိုစဉ်စစ်အစိုးရက ရှမ်းပြည်တောင်ပိုင်း ထိုင်းနယ်စပ်သို့ အဓမ္မပြောင်းရွှေ့နေထိုင် စေခြင်းတို့ကြောင့်ဖြစ်သည်။

**အစိုးရစစ်တပ်၏ ၁၉၉၆ မှ ၁၉၉၈ အတွင်း ရှမ်းပြည်နယ် အလယ်ပိုင်းဒေသတွင် ကျင့်သုံးခဲ့သော မြေလှန်မီးရှို့ စနစ်**



ဇွန်, ၁၇, ၁၉၉၇ အစိုးရစစ်တပ်မှကွန်ဟိန်းမြို့ နယ်တွင်အစုလိုက်အပြုံလိုက်သတ်ဖြတ်ထားသော ရွာသားများ၏ နွားလှည်းများ

၁၉၉၅ ခုနှစ်နှောင်းပိုင်းကာလ အစိုးရထံ MTA လက်နက်ချသောအခါ အများနည်းသူ လက်နက်မချဘဲ ကျန်နေသော MTA တပ်သားများအား ဗိုလ်မှူးကြီး ရွက်စစ်မှ ဦးဆောင်ကာ ရှမ်းတော်လှန်ရေးတပ်ဖွဲ့အသစ် Shan State Army South (နောက်ပိုင်းတွ င် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၏ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း RCSS/SSA ဟုခေါ်တွင် ) ကို တည်ထောင် ခဲ့သည်။ ၁၉၉၆ ခုနှစ် မတ်လတွင် ဤရှမ်းတော်လှန်ရေးတပ်ဖွဲ့အသစ်ကို လူထုမှ ထောက်ပံ့ပေးမှုအား ဖြတ်တောက်ရန် ရည်ရွယ်ချက်ဖြင့် အစိုးရစစ်တပ်မှ ပြင်းထန်သော မြေလှန်မီးရှို့မှုစနစ်တခုကို ရှမ်းပြည်အလယ်ပိုင်းတွင် စတင်ခဲ့သည်။ ကျေးလက်ပြည်သူလူထုကို လက်နက်ဖြင့်ခြိမ်းခြောက်ကာ တပ်မတော်လုံခြုံရေးများချထားသော နီးစပ်ရာ လမ်းမကြီးနှင့် မြို့များအနီးသို့ အဓမ္မပြောင်းရွှေ့နေထိုင်စေခဲ့သည်။

ယူကျုံးမရအောင် ပျက်စီးဆုံးရှုံးမှုမှာ ဤစစ်ဆင်ရေး၏ ရလဒ်ပင်ဖြစ်သည်။ ၁၉၉၆ မှ ၁၉၉၈ ခုနှစ်ကာလအတွင်း ကျေးရွာပေါင်း ၁၄၀၀ ကျော် ပြည်သူလူထု ၃သိန်းကျော် နေရပ်မှ အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းခံခဲ့ရသည်။ စစ်တပ်အမိန့်မလိုက်နာဘဲ ရွာသားများ မိမိနေရပ်တွင်ဆက်လက်နေထိုင်နေခြင်း၊ မိမိတို့လယ်ယာမြေများအတွင်း ပုန်းအောင်းနေထိုင်နေခြင်းတို့ကို ဖမ်းဆီး ရမိပါက ညှင်းပမ်းနှိပ်စက်ခြင်း၊ ရက်စက်ယုတ်မာစွာ ပစ်သတ်ခြင်းများဖြင့် ပြစ်ဒဏ်ပေးကာ လူမဆန်စွာ သောလုပ်ရ ပ်များကို စစ်တပ်မှလက်လွတ်စပယ် ကျူးလွန် လုပ်ဆောင်ခဲ့ပါသည်။

ထိုကာလတွင် ရှမ်းပြည်အလယ်ပိုင်းမှ ပြည်သူလူထု ၆၀၀ ကျော် အသတ်ခံခဲ့ရသည်။ ၁၉၉၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် အမျိုးသမီးများအပါအဝင် ပြည်သူလူထု ၅၆ ယောက်ကို စစ်တပ်က အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည့်အကြောင်း SHRF မှ ပြုစုခဲ့သော မှတ်တမ်းများတွင် တွေ့ရသည်။ ထိုပြည်သူလူထုများသည် နေရပ်မှစွန့်ခွါပြောင်းရွှေ့ရန် ခိုင်းစေခြင်း ခံရသူများဖြစ်ပြီး မိမိတို့တောင်ယာတွင်ကျန်ရစ်သော ဆန်စပါးများ သီးနှံများကို နွားလှည်းများဖြင့် သွားရောက်သယ်ဆောင်ရန် တပ်မတော်ထံမှ ခွင့်ပြုချက်ရယူကာ နေရပ်သို့ပြန်သွားကြသူများဖြစ်သည်။ သို့သော် ၄င်းတို့သည် ရွာအပြန်လမ်း မတလျှောက်တွင် မြန်မာ့တပ်မတော်သားများ၏ ဖမ်းဆီးမှုကိုခံရပြီး အစုလိုက်အပြုံလိုက် ပစ်သတ်ခြင်းခံကြရပါသည်။

အစိုးရစစ်တပ်သည်ကျေးလက်သမီးပျိုများ ဒေသခံ ရွာသူများ အားအတင်းအဓမ္မမုဒိန်းကျင့်မှုလုပ်ရပ်သည် လည်းတိုက်ပွဲများ ၏လက်နက်တစ်ခုအဖြစ်ကျယ်ပြန့်စွာအသုံးပြုခဲ့သည်။ ၂၀၀၂ တွင် ထုတ်ဝေခဲ့သော SHRF နှင့် SWAN ၏ “License to Rape”

အစီရင်ခံစာအရ အမျိုးသမီးနှင့် ကလေးစုစုပေါင်း ၆၂၅ ဦးကို တပ်ရင်းပေါင်း ၅၂ တပ်ရင်းက မုဒိန်းမှုနှင့် အခြားသော လိင်အကြမ်းဖက်မှုများကျူးလွန်ခဲ့သည်။ ထိုသို့သောအကြမ်း ဖက်မှုများကိုရှမ်းပြည်နယ်တွင်း အဓမ္မ ရွှေ့ပြောင်းနေထိုင်ရသောဒေသများတွင်အ များဆုံး တွေ့ရသည်။ အမျိုးသမီး ၆၁% မှာ အုပ်စု လိုက် မုဒိန်းကျင့်ခံရ ၊ ၂၅% မှာ မုဒိန်းကျင့် ခံရပြီးနောက် သတ်ဖြတ်ခံရ၊ အချို့မှာကိုယ်အင်္ဂါ အစိတ်အ ပိုင်းများဖြတ်ခံရခြ င်းများကိုလည်း တွေ့ရှိရသည်။




ရက်စက်ယုတ်မာသောအကြမ်းဖက်မှုများအကြား အဓမ္မပြောင်းရွှေ့နေထိုင်ရသောနေရာများတွင် မနေနိုင်ခြင်း ကြောင့် ရွာသူ၊ရွာသားအများစုမှာ ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များပါ ဝင်သည့် မိသားစုများသည် တောတောင်များ ကိုဖြတ်ကျော် ဖြင့်လည်းကောင်း၊ ရေစီးကြမ်းသော သံလွင်မြစ် ကြောင်းတလျှောက် ဝါးဖောင်များ ဖြင့် လည်းကောင်း သာမာန်လမ်းခရီးတွင် ကားစင်း လုံးငှား၍လည်းကောင်း ထိုင်းနယ်စပ်သို့ ဦးတည် ခရီးနှင်ခဲ့ ကြသည်။

၁၉၉၆ခုနှစ် မေလတွင် သောင်းချီသော ရှမ်းပြည်ကျေးလက်ပြည်သူများသည် ထိုင်းနိုင်ငံ မြောက်ပိုင်း သို့ ထွက်ပြေး တိမ်းရှောင်လာကြပြီး ထိုင်းနိုင်ငံသားများ၏ လယ်ယာများ၊ ဉယျာဉ်ခြံ များတွင် ဝင်ရောက်အ လုပ်လုပ်ကိုင်ကြရင်း ချင်းမိုင်မြို့ တွင် ပန်းရံဆောက်လုပ်ရေး လုပ်ငန်းသို့ သွားရောက်အလုပ်လုပ်ရန် အခွင့်အရေးကို စောင့်ဆိုင်းခဲ့ကြသည်။ တရားမဝင်အ လုပ်သမားများဖြစ်သောကြောင့် ထိုဒုက္ခသည်များသည် အချိန်မရွေး အဖမ်းခံရ၍ မိမိတို့နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်း ၊ ပွဲစားများ အလုပ်ရှင်များ၏ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းများခံကြရသည်။

ထို့အပြင် မိမိတို့နေထိုင်ရာ အလုပ်ခွင်မှ တခြားမြို့ကြီးသို့ ထွက်ခွာရန် ခက်ခဲခြင်း၊ ကြောက်ရွံ့ခြင်းများကြောင့် ဒုက္ခသည်အချို့မှာ သာမာန်ဆေးကုသရုံဖြင့်ပျောက်ကင်းနိုင်သောရောဂါများဖြင့်သာ သေဆုံးခဲ့ကြသည်များလည်းရှိပါသည်။ ဒုက္ခသည်များ၏ ကလေးများမှာ ပညာသင်ယူမှုအခွင့်အလမ်းမရှိသည့်အပြင် သန့်ရှင်းမှုမရှိသော အလုပ်ခွင်များ၊ လူအုပ်များကြားနှင့် ဘေးအန္တရာယ်ရှိသော ဓါတုပိုးသတ်ဆေးများ ကြားတွင် နေထိုင်ကြရသည်။

ကရင်နှင့် ကရင်နီများနည်းတူ ရှမ်းဒုက္ခသည်စခန်းများ တည်ဆောက်ပေးရန် ထိုင်းအာဏာပိုင်များထံ ရှမ်းအရပ်ဘက်လူ့အဖွဲ့အစည်းများက အကြိမ်ကြိမ် ကြိုးစားတောင်းခံခဲ့သော်လည်း အချည်းအနှီးပင်ဖြစ်သည်။ ထိုင်းအာဏာပိုင်များက ရှမ်းပြည်တွင်းဒုက္ခသည်များ ထိုင်းနိုင်ငံသို့ စုပြုံဝင်ရောက်လာခြင်းမှာ သာမာန်ရွှေ့ပြောင်းအလုပ်သမားများ သာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

မိမိဘဝ လုံခြုံရေးအာမခံချက် မရှိသော်လည်း ထိုင်းနယ်စပ်နှင့် ထိုင်းနိုင်ငံအတွင်း ရှမ်းပြည်နယ် အလယ်ပိုင်းဒေသမှ ဒုက္ခသည်များ အဆက်မပြတ်ပြောင်းရွှေ့ခိုလှုံလာကြသည်။ SHRF ၏အစီရင်ခံစာအရ ၁၉၉၈ ခုနှစ် အေပရယ်လတွင် အဓမ္မပြောင်းရွှေ့ခံရသော ကျေးလက်ပြည်သူပေါင်း အနည်းဆုံး ၈၀၀၀၀ ခန့် ထိုင်းနိုင်ငံသို့ဝင်ရောက်ကြောင်း တင်ပြထား သည်။

**ဝ လူမျိုးများအား ရှမ်းပြည်နယ် တောင်ပိုင်းသို့အဓမ္မပြောင်းရွှေ့နေထိုင်စေခြင်း (၁၉၉၉- ၂၀၀၁)**

၁၉၉၉ နှစ်ကုန်ပိုင်းတွင် အစိုးရစစ်တပ်သည် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၏ မိသားစုဝင်များ  တရုတ်ပြည်နယ်စပ်မှ ဝကျေးလက်ပြည်သူများကို ရှမ်းပြည်နယ် တောင်ပိုင်းသို့ အဓမ္မပြောင်းရွှေ့နေထိုင်စေခဲ့သည်။ ဝပြည်သွေးစည်းညီညွတ်ရေး တပ်မတော်သည် ၁၉၈၉ ခုနှစ်တွင် ဗမာစစ်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူခဲ့သည့် အဖွဲ့ဖြစ်သည်။

ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အကြောင်းပြချက်မှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်ပင်ဖြစ်သည်။ ဘိန်းစိုက်ပျိုးသော မြောက်ပိုင်း တရုတ်နယ်စပ် တောင်ပေါ်ဒေသများတွင် နေထိုင်သော ဝကျေး လက်ပြည်သူများအား အခြားအစားထိုးသီးနှံများ စိုက်ပျိုးနိုင်စေရန်မြေဩဇာကောင်းမွန်သော မြေ များရှိသည့် ရှမ်းပြည်နယ်တောင်ပိုင်း ထိုင်းနယ်စပ်သို့ပြောင်းရွှေ့နေထိုင်စေခဲ့သည်။ထိုသို့ ပြောင်းရွှေ့နေထိုင်စေခြင်း အဓိကအကြောင်း ရင်းမှာ နိုင်ငံရေးကြောင့်ပင်ဖြစ်သည်။

စစ်အစိုးရသည် သွေးခွဲ အုပ်ချုပ်သော နည်းလမ်းကို အသုံးပြုကာ UWSA ဖြင့် သွယ်ဝိုက်သောနည်းဖြင့် RCSS/SSA ကို အားနည်းသွားစေလိုခြင်းဖြ စ်သည်။ ရှမ်းပြည်နယ်တွင်း တော်လှန်ရေးတပ်များ အားနည်းသွားစေရန် အစိုးရစစ်တပ်မှ UWSA ကို အားပေးအားမြှောက်ပြု၍ RCSS/SSA အား တိုက်ခိုက်စေလိုခဲ့ခြင်းဖြစ်သည်။




၁၉၉၉ မှ ၂၀၀၁ ခုနှစ်ကာလအတွင်း ကျေးလက်မှလူထုပေါင်း ၁၂၆၀၀၀ ကျော် ( မြန်မာပြည်ရှိ ဝပြည်သူလူထု၏ လေးပုံတစ်ပုံခန့်) ကို ရှမ်းပြည်နယ်မြောက်ပိုင်း ဝ ပြည်သူများနေထိုင်ရာ ၆ မြို့နယ်မှ နယ်စပ်ဒေသမြို့များဖြစ်သော တာချီလိတ်၊မိုင်းဆတ်နှင့်မိုင်းတုံမြို့ များသို့အဓမ္မပြောင်းရွှေ့နေထိုင်စေခဲ့သည်။ မိမိတို့ပိုင်ဆိုင်သော အိုးအိမ်စည်းစိမ်များ ကိုစွန့်ပစ်၍ အဓမ္မပြောင်းရွှေ့နေထိုင်ရခြင်းကြောင့် ဝပြည်သူအများအပြားအကြပ်အတည်းများနှင့်ရင်ဆိုင်ခဲ့ရသည်။

အသစ်ပြောင်းရွှေ့နေထိုင်သူများပြားခြင်းကြောင့် ရှမ်းပြည်နယ်တောင်ပိုင်းတွင် ရှိရင်းစွဲ ဒေသခံတိုင်းရင်းသားများဖြစ်သော ရှမ်း၊ လားဟူနှင့် အာခါ ကျေးရွာလူထုများကို ထိခိုက်နစ်နာခဲ့သည်။ အိမ်၊ လယ်ယာမြေများ၊ အိမ်မွေးတိရိစ္ဆာန်များ၊ စိုက်ပျိုးသီးနှံများ သိမ်းပိုက်ခံရပြီး အချို့ဒေသများတွင် UWSAမှအခွန်များနှင့် စစ်မှုမထမ်းမနေရ စနစ်များကို ချမှတ်ခဲ့သည်။ ထိုအကြပ်အတည်းကို မခံနိုင်၍ ထောင်ပေါင်းများစွာသော ကျေးလက်ပြည်သူလူထုများ ထိုင်းနိုင်ငံနှင့် ရှမ်းပြည်နယ် အခြားဒေသများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

မိုင်းဆတ်မြို့ အရှေ့ဘက် နမ့်စိုင်မြစ်ကမ်းတလျှောက်မုန်းကန်းဒေသရှိ ကျေး ရွာ ၆ ရွာမှ ( လူဦးရေ ၁၂၀၀ ခန့်ရှိ) ပြည်သူများ နေထိုင်ရာဒေသသို့ ဝကျေးလက်လူထုပေါင်း ၁၆၀၀၀ ခန့်အား ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ၂၀၀၁ ခု နှစ်ဦးပိုင်းတွင် RCSS/SSA နှင့် အစိုးရစစ်တပ် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားပြီးနောက်ပိုင်း UWSA နှင့်အစိုးရစစ်တပ်မှ ရှမ်းတပ်ဖွဲ့ကို ကူညီထောက်ပံ့သည်ဟု သံသယရှိသော ကျေးလက်ပြည်သူများကို ဖမ်းဆီးခဲ့သည်။ ထို့ကြောင့် မုန်းကန်းဒေသမှ ရာနှင့်ချီသော ပြည်သူများ ထိုင်းနယ်စပ်သို့ ပြောင်းရွှေ့လာကြပြီး လွိုင်ကော်ဝမ်း IDPs စခန်းကို တည်ထောင်ခဲ့သည်။ ယခုအခါ မုန်းကန်းဒေသမှ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ အိမ်ယာများ၊ ပိုင်ဆိုင်မှုများကို UWSA မှ သိမ်းယူခဲ့သည်။

[1] Lahu National Development Organisation, Unsettling Moves, 2002, http://www.burmalibrary.org/docs23/Unsettling_Moves-tpo.pdf

**ထိုင်း - ရှမ်းနယ်စပ်ရှိ IDPs များနှင့် ဒုက္ခသည်စခန်းများ၏ နောက်ခံအကြောင်းနှင့် လက်ရှိအခြေအနေ**

ထိုင်း - ရှမ်းနယ်စပ်ရှိ IDPs များနှင့် ဒုက္ခသည်စခန်းများ၏ လက်ရှိလူဦးရေ စာရင်းကိုအောက်ပါ ဇယားတွင် ကြည့်နိုင် သည်။

| စဉ် | ဒုက္ခသည်စခန်းအမည် | တည်ဆောက်ခဲ့သောနှစ် | တည်နေရာ (ထိုင်းခရိုင်/ခရိုင်ခွဲ, ပြည်နယ်) | လက်ရှိလူဦးရေ | | | |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | စုစုပေါင်း | အသက် ၁၈ နှစ်အောက် |
| ၁ | ကောင်းမုံမိန်း() | ၂၀၀၇ | မောက်စံပေမျက်နှာချင်းဆိုင် မယ်ဟောင်ဆောင် | ၁၁၉ | ၁၂၇ | ၂၄၆ | ၄၁% |
| ၂ | လွိုင်တိုင်းလျန်း() | ၁၉၉၉ | ပန်မဖာ့ မယ်ဟောင်ဆောင် | ၁,၁၃၀ | ၁,၁၇၉ | ၂,၃၀၉ | ၅၂% |
| ၃ | လွိုင်လမ် | ၂၀၀၆ | ချင်းမိုင်ခရိုင် ဂိန်းဟိုင်မြို့နယ် နှင့် မျက်နှာချင်းဆိုင် | ၁၂၁ | ၁၁၇ | ၂၃၈ | ၃၇% |
| ၄ | ကုန်းကျော် | ၂၀၀၂ | ချင်းမိုင်ခရိုင် ဂိန်းဟိုင်မြို့နယ်အတွင်း | ၁၉၂ | ၂၁၀ | ၄၀၂ | ၄၀% |
| ၅ | လွိုင်ဆမ်ဆစ် | ၂၀၀၆ | ချင်းမိုင်ခရိုင် ဖုန် မြို့နှင့် မျက်နှာချင်းဆိုင် | ၂၀၈ | ၁၄၈ | ၃၅၆ | ၃၂% |
| ၆ | လွိုင်ကော်ဂမ်း | ၂၀၀၁ | ချိန်းရိုင်းခရိုင် မယ်ဖုလုံမြို့နယ် မျက်နှာချင်းဆိုင် | ၁,၂၄၆ | ၁၃၈၈ | ၂,၆၃၄ | ၃၄% |
| | စုစုပေါင်း | | | ၃,၀၁၆ | ၃,၁၆၉ | ၆,၁၈၅ | ၃၉% |

အဆိုပါ ပြည်တွင်းပြည်ပ များနှင့် ဒုက္ခသည်စခန်းတွင် ရှမ်း၊ လားဟူ၊အာခါ၊ ဝ၊ တအာန်း၊ ပအိုဝ်း၊ လီဆော၊ ကရင် နှင့် တရုတ် စသည့် တိုင်းရင်းသား ရောနှောနေထိုင် ကြသည်။ ဒုက္ခသည်စခန်း တစ်ခုချင်းစီကို ယခင်က ၄င်းတို ့၏ မူလကျေးရွာတွင် ခေါင်းဆောင် ဖြစ်ခဲ့ ဖူးသောသူ များအပါအဝင် စစ်ပြေးဒုက္ခသည် များဖြင့် ဖွဲ့ စည်းထားသော ကော်မတီများ က စီမံခန့် ခွဲလုပ်ဆောင်သည်။



*လွိုင်တိုင်းလျန်း စစ်ပြေးဒုက္ခသည်စခန်း , ၂၀၁၅*



*လွိုင်ကော်ဂမ်းစစ်ပြေးဒုက္ခသည်စခန်း*

စစ်ပြေးဒုက္ခသည်စခန်း များကိုစတင်တည်ထောင်ကတည်းကနိုင်ငံတကာ အလှူရှင်များထံမှ စားနပ်ရိက္ခာအကူအညီ ကိုရယူသည်။ နောက်ပိုင်းတွင်အချို့ အေဂျင်စီများက ရေတို ကျန်းမာရေး နှင့်ပညာရေး အထောက်အပံ့ပေးခဲ့သည်။

**ထိုင်း - ရှမ်းနယ်စပ်တွင် ဒုက္ခသည်စခန်းများ တည်ဆောက်ခြင်း**

ထိုင်း-ရှမ်း နယ်နိမိတ်ပေါ် တွင်ပထမဦးဆုံးဒုက္ခသည် စခန်းကို၁၉၉၉ ခုနှစ်တွင် မြောက်ပိုင်းမယ်ဟောင်ဆောင်ခရိုင်၏ မျက်နှာချင်းဆိုင်တွင် တည်ဆောက်ခဲ့သည်။ ရှမ်းပြည်နယ် အလယ်ပိုင်း အတွင်း စစ်ပြေးရှောင် မိသားစု ၃၅ စု မှ ထိုင်းနယ်စပ်ဘက် မှာ စခန်းချ နေထိုင်ခဲ့ပါ သည်။သို ့သော် နှစ်ပတ်အတွင်း ထိုင်းအာဏာပိုင်များက ၎င်းတို့အားနယ်စပ်သို့ နောက်ဆုတ်ရွှေ့ပြောင်းစေခဲ့သည်။

ထို့နောက်လွိုင်တိုင်းလျှန်းတောင်ထိပ်တွင်ရှိ သောRCSS/SSAဌာနချုပ်၏ကာကွယ်မှုအောက်တွင် ဂင်ရောက် နေထိုင်ခဲ့ ပါသည်။ ခိုလှုံသည့်စခန်း အတည်တကျရှိ ပြီးနောက်ပိုင်း သာသင်ကျောင်းနှင့် ဆေးပေးခန်း ကိုဆက်လက် တည်ဆောက် ထားရှိခဲ့သည်။ နောက်ပိုင်းတွင်ရှမ်းပြည်တွင်းမှစစ်ပြေးဒုက္ခသည်များလာရောက်ခိုလှုံခဲ့ကြသည်။ရှမ်းပြည်နယ် အတွင်း စစ်မြေပြင်အသီးသီးမှမိဘမဲ့ခလေးငယ်များ၊ဒုက္ခိတကလေးငယ်များ၏ပညာရေးအတွက် လာရောက် ခိုလှုံခဲ့ကြသည်။ အလားတူအချို့သောပြည်တွင်းနေရပ်စွန့်ခွါသူများမှာ ထိုင်းနယ်စပ်သို့ ခိုလှုံရ န် ဦးတည်ခဲ့သော်လည်း ရှမ်းပြည်နယ်အတွင်းရှိ RCSS/SSA ၏ အကာအကွယ် အောက် ရောက်ရှိသွားသူများလည်း ရှိခဲ့ပါသည်။

၂၀၀၁ ခုနှစ်က အ စိုးရစစ်တပ်၏ လူ့အခွင့်အရေးကျူးလွန်မှုများ၊ မိုင်းဆတ်မြို့အရှေ့ဘက် ရှိ မိုင်းကန်းကျေးရွာ အုပ်စုအတွင်း ဂလူမျိုးများနေရာပြောင်းရွှေ့ချထားမှုများ၏ ရန်မှထွက်ပြေးတိမ်းရှောင်သော သေခံဒုက္ခသည် ၅၀၀ ခန့်သည် ထိုင်းနိုင်ငံမြောက်ပိုင်း ချိန်းရိုင်းခရိုင်၊ မယ်ဖုလုံမြို့နယ်တွင် ဒုက္ခသည် စခန်းချကာ နေထိုင်ခဲ့သည်။ သို့သော် တ စ်လပင်မပြည့်သေးခင် ၎င်းတို့အား ထိုင်းအာဏာပိုင်များက နယ်စပ်ဘက်ရွှေ့ပြောင်း ခိုင်းသဖြင့် RCSS/SSA အကာအကွယ်အောက် ဒုက္ခသည်စခန်း ချ၍နေခဲ့ကြရသည်။ပြည်တွင်းမှနေရပ်စွန့်ခွါသူများသည် ဘေးကင်းသည်ဟုယူဆကာ ထိုင်းနယ်စပ်အထိ ရွှေ့ပြောင်းတိမ်း ရှောင်ခို လှုံ ခဲ့သော်လည်း ရပ်ရွာအိုးအိမ်များ ထိုင်းနယ်အတွင်းကျူ့ဂင်နေဟုဆိုကာ ထိုင်းအာဏာပိုင်များက ဖျက်ဆီးပစ်ပြီး ရှမ်းမြေအတွင်းနောက်ဆုတ် ရွှေ့ဆိုင်းစေခဲ့သည်များလည်းရှိပါသည်။ ၂၀၀၆ ခုနှစ်တွင် RCSS/SSA ဌာနချုပ် လွိုင်တိုင်းလျှန်းက နေရာချပေးသော ဒုက္ခသည်မိသားစု ၆၈စု၏နေရာထိုင်ခင်းများ အပါအဝင်ဆေးရုံနှင့် စာသင်ကျောင်းများ မှာ ထိုင်းနယ်ဘက်တွင် ရောက် သည်ဟု ဆို၍ ဖျက်ဆီးခံရကာ ရှမ်းပြည်ဘက်တိုးဂင် ပြန်လည်ဆောက်ခဲ့ရသည်။၂၀၀၉ ခုနှစ် လွိုင်ကော်ဝမ်း တွင်အိမ်ခြေ ၂၀ ခန့်နှင့်ကျောင်း ကိုလဲ အလားတူပင်ဖျက်သိမ်းခံရခဲ့သည်။


လွိုင်ကော်ဝမ်း ဒုက္ခသည်စခန်းတွင်ဆွမ်းခံနေသော ကိုရင်များ


လွိုင်ကော်ဂမ်းစစ်ပြေးဒုက္ခသည်စခန်းရှိ ခရစ်ယာန်ဘုရားကျောင်း



၂၀၀၇ခုနှစ် ရှမ်းပြည်နယ်အတွင်းရှိ လွိုင်ဆမ်ဆစ်မှ ဒုက္ခသည်မိသားစု ၂၄ စု ကို နယ်စပ်၏နယ်နိမိတ်မှ လှမ်းမမြင်နိုင်သော အရပ်သို့ ဆုတ်ခွာပြောင်းရွှေ့ပြောင်းခိုင်းခဲ့သည်။

*မေ ၂၀၀၇တွင် နယ်စပ်နှင့်ဝေးရာတို့ ပြောင်းရွှေ့လိုက်ရသည့်လွိုင်ဆမ်ဆိပ်းဒုက္ခသည်စခန်း*

**ထိုင်းနိုင်ငံအတွင်း တခုတည်းသော ရှမ်း ဒုက္ခသည်စခန်း တည်ဆောက်ခြင်း**

၁၉၉၆ အစောပိုင်း၊ MTA လက်နက်ချပြီးနောက် ချင်းမိုင်ခရိုင်မြောက်ပိုင်း ဂိန်းဟိုင်မြို့နယ် ဆန့်ကျင်ဘက်ရှိ MTA ၏ထိန်းချုပ်မှု အောက်ရှိ ကျေးရွာများသည် အစိုးရ၏ ထိန်းချုပ်မှုလက်အောက်ရောက်ခဲ့သည်။

၂၀၀၂ခုနှစ်တွင်နယ်စပ်နယ်နိမိတ်တွင်အစိုးရစစ်တပ် နှင့်RCSS/SSA တို့ တိုက်ပွဲ အကြီးအကျယ် ဖြစ်ပွားခဲ့သည်။အစိုးရစစ်တပ် မှ ရွာသားများကို နယ်စပ်မှ နေကာ ရှမ်းစစ်သားများကိုထောက်ပံ့ နေသည်ဟူသော သံသယ စိတ်ဖြင့်လက်နက်ကြီးဖြင့် ရွာထဲသို့ တိုက်ရိုက်ပစ်ခတ်ခဲ့ သောကြောင့် ၆ ဦးသေဆုံးကာ ၂၀ဦး ဒဏ်ရာ ရခဲ့သည်။ ၁၂နှစ်အရွယ်ကလေးတစ်ဦး အပါအဝင် ရွာသား ၅ဦး သေဆုံးခဲ့သည်။ရွာသားတစ်ဦးသုံးပိုင်း ခုတ်ဖြတ်ခံရကာ တစ်ချို့သော ရွာသားများအားဖမ်းဆီးရိုက်နက်ခဲ့ သည်။ ဒုက္ခသည်ကျေးရွာ ၄ ရွာ စလုံး ထိုင်း-မြန်မာနယ်စပ် နယ်နိမိတ် တွင်ရှိသောကြောင့် ထိုင်းနိုင်ငံ ဂိန်းဟိုင်မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းသို့ခိုလှုံခဲ့ရသည်။ ရွာသားများ၏ကျန်ရစ်ခဲ့သော မော်တော်ဆိုင်ကယ်၊ ထရပ်ကား၊ အိမ်မိုးသွပ်များ နှင့် အိမ်မွေးတိရစ္ဆာန် များကို အစိုးရစစ်တပ်က ယူသွားခဲ့သည်။

၂၀၀၃ ခုနှစ်တွင် စစ်ပြေးဒုက္ခသည် များသည် ထိုင်းနယ်စပ်မျဉ်းပေါ်ရှိ ဂတ်ဖဂိန်းအင်း ဘုန်းကြီး ကျောင်း သို့ ထိုင်းအာဏာပိုင်များ၏ခွင့် ပြုချက် ဖြင့် ယာယီပြောင်းရွှေ့နေထိုင်ခွင့်ရခဲ့ပြီးကုန်းကျော်ရွာ ဟုအမည်တွင်ခဲ့သည်။ နိုင်ငံတကာ အေဂျင်စီများမှတဆင့်လူသားချင်းစာနာထောက်ထားမှု ထောက်ပံ့ အကူအညီရရှိ ခဲ့သော်လည်း UNHCR မှ မှတ်ပုံတင်ဖို့ခွင့် မပြုသောကြောင့် တစ်ခြားသော ကရင် နှင့်မွန် ဒုက္ခသည်စခန်းမှ ဒုက္ခသည်များကဲ့သို့ တတိယနိုင်ငံသို့ ပြောင်းရွှေ့ အခြေချ နေထိုင် ခွင့်မရှိ ခဲ့ပေ။

**IDPs စခန်းအတွင်းမှ စိန်ခေါ် မှုများ**

စစ်ပြေးဒုက္ခသည် အများစုသည် အဆိုပါစခန်းများတည်ရှိရာ ဝေးလံခေါင်သီသော တောင်ပေါ်ကုန်းပေါ်တွင် အသက်ရှင်ရန် အခက်အခဲများစွာရင်ဆိုင်နေရသည်။

-

- **တိုက်ပွဲများ၏ ခြိမ်းခြောက်မှု**

အဆိုပါဒုက္ခသည်စခန်းများအားလုံး RCSS/SSA ထိန်းချုပ်ထားသော နယ်မြေကျဉ်းသည့် အစိတ်အပိုင်းလေးတစ်ခုပေါ်တွင်တည်ရှိသည်။ နယ်စပ်ရှမ်းဘက်ခြမ်းတွင်အစိုးရစစ်တပ်နှင့် UWSA တပ်စခန်းများက ဝိုင်းနေကြသည်။ တိုက်ပွဲ များ မကြာခဏဆိုသလို ဒုက္ခသည်စခန်းတချို့ အနားတွင် ဖြစ်ပွားသောကြောင့် ဒုက္ခသည်များ၏ လူနေမှု ဘဝတွေကိုခြိမ်းခြောက်နေသည်။




လွိုင်ကော်ဝမ်းစစ်ပြေးဒုက္ခသည်စခန်း အနီးနားတွင်တပ်စွဲထားသော အစိုးရစစ်တပ်နှင့် UWSA

၂၀၀၂ ခုနှစ်တွင် အစိုးရစစ်တပ်၊ ပြည်သူ့စစ်နှင့် UWSA တို့ပေါင်းကာ RCSS/SSA ကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်ခဲ့သည်။ လွိုင်ကော်ဂမ်း ဒုက္ခသည်စခန်းအနီးနားတွင်ဖြစ်ပြီး အစိုးရစစ်တပ်၏လက်နက်ကြီးရောက် နိုင်သော နယ်နိမိတ်တွင်ရှိနေသည်။

၂၀၀၅ခုနှစ်တွင် UWSA မှ RCSS/SSA လွိုင်တိုင်းလျှန်း အရှေ့ဖက်သို့ထိုးစစ်ဆင်ခဲ့သည်။

လက်နက်ကြီးအလုံးပေါင်းထောင်ချီ ပစ်ခတ်ပြီး ဒုက္ခသည်စခန်းအနီး ကျသောကြောင့် ခံတုတ် ကျင်းများ ထဲသို့ဝင်ရောက်ပုန်းခိုကြရသည်။

ထို့ကြောင့်အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ် အပေါ် ယုံကြည်မှု လျော့နည်းလာပြီး နောက်တစ်ခါ ထိုကဲ့သို့ ထိုးစစ်ဆင်မှု ထပ်ဖြစ်ပွားမည်ကို ဒုက္ခသည် များစိုးရိမ်နေကြသည်။



*အစိုးရစစ်တပ်မှ လက်နက်ကြီးဖြင့်တိုက်သောကြောင့် ကတုတ်ကျင်းတွင် ပုန်းနေပုံ*

- **ထွန်ယက်စိုက်ပျိုးမြေနည်းပါးခြင်း၊ သက်မွေးဝမ်းကျောင်းအခွင့်အလမ်းများနည်းပါးခြင်း**



*ကောင်းမုံမိန်း စစ်ပြေးဒုက္ခသည်စခန်း*

တောင်ထိပ်ဒေသပေါ်တွင်ဖြစ်သောကြောင့် ရေရှားပါးသည့်အပြင် ဒုက္ခသည်စခန်းအနီး စိုက်ပျိုးရန်မြေမှာလဲ အနည်းငယ်မျှ သာရှိသည်။စစ်ပြေးဒုက္ခသည်များအတွက် အစိုးရစစ်တပ်နှင့် UWSAတပ်တို့ အနီးနားမှာရှိသောကြောင့် အနီးအနားနယ် မြေအတွင်းသို့ လွတ်လွတ်လပ်လပ်သွား ရောက်စိုက်ပျိုးဖို့ မဖြစ်နိုင်ပေ။ ၄င်းတို့နေထိုင်သည့် အနီးအနား မြေလွတ်မြေရိုင်း များတွင်သာ ဟင်းသီးဟင်းရွက်အနည်းငယ်ကိုတနိုင်တ

ပိုင်စိုက်ပျိုးသည်။တစ်ချို့သောဒုက္ခသည်စခန်းအနီးတွင်တောင်ယာစိုက်ပျိုးရန် မြေအနည်းငယ်ရှိသော လည်း ဒုက္ခသည်စခန်း တစ်ခုလုံး အတွက် ရေရှည်မထောက်ပံ့နိုင်ပေ။

အချို့သော ဒုက္ခသည်စခန်းမှ ဒုက္ခသည်များသည် ထိုင်းနယ်ဘက်သို့ကူးကာ အများစု မှာ ဉယျာဉ်ခြံ များထဲတွင် နေ့စားအလုပ်သမားအဖြစ် လုပ်ကိုင်သည်။ သို့သော်ထိုကဲ့သို့ လုပ်ငန်းမှာ ရာသီသီးနှံပေါ်ချိန်သာဖြစ်ပြီး လုပ်အားခ လည်း နိမ့်ပေးခံရမှုကြောင့် အနည်းငယ်မျှသာရရှိခဲ့ကြသည်။

○ **ကျန်းမာရေးနှင့် ပညာရေး စိန်ခေါ်မှုများ**

ဒုက္ခသည်စခန်းများတွင် ကျန်းမာရေးဆေးပေးခန်းများ ရှိသော်လည်း ဆရာဝန်မရှိဘဲ အခြေခံ ကျန်းမာရေး လုပ်သားများသာရှိသည်။ ကျန်းမာရေး အခြေ အနေဆိုးရွားသောဒုက္ခသည်များကိုမူ ထိုင်းနိုင်ငံသို့ပို့ဆောင်ကုသရသည်။ ဆေးကုသမှုစရိတ်နှင့်ခရီးစရိတ်မှာမူ ဒုက္ခသည်စခန်းမှ တာဝန်ယူပေးရသည့် ဝန်ထုပ်ဝန်ပိုးတခုဖြစ်ပါသည်။



လွိုင်ကော်ဝမ်းစစ်ပြေးဒုက္ခသည်စခန်းရှိ ကျောင်းသားများ

ဒုက္ခသည်စခန်းအကုန်လုံးတွင် ရှမ်းအမျိုးသားကျောင်း ရှိပြီး စစ်ပြေးဒုက္ခသည် များသာမက ရှမ်းပြည်နယ်အသီးသီး မှ ပို့လာသော မိဘမဲ့ကလေးနှင့် ချို့တဲ့သောသူများ ကို တာဝန်ယူထားသည်။ လက်ရှိ လွိုင်တိုင်းလျှန်းအမျိုးသားကျောင်းတွင် ကျောင်းသားကျောင်းသူ ပေါင်း ၇၀၀ ကျော် ရှိနေသည်။

အဆိုပါခလေးများအတွက် အဟာရပြည့်ဝ သည့် အစားအစာများပေးကျွေးရေးနှင့် စာသင်ကြားပေးမည့် ဆရာ၊ ဆရာမများ လိုအပ်နေမှုမှာလည်း ဒုက္ခသည်များ ကြုံးပမ်းရမည့် စိန်ခေါ်မှု ဖြစ်နေသည်။ အလားတူ ကျောင်းသင်ထောက်ကူပစ္စည်းများ၊ ဆရာဖြစ်သင်တန်းများ၊ သင်ရိုးညွှန်းတမ်း မွမ်းမံရေး ပြုလုပ်နိုင်ရန်အတွက်လည်း စိန်ခေါ်မှုတစ်ရပ် ပင်ဖြစ်သည်။

| စဉ် | ဒုက္ခသည်စခန်း | ကျောင်း(အတန်း) | ကျောင်းသား အရေအတွက် | ဆရာ/မ အရေအတွက် |
|---|---|---|---|---|
| ၁ | ကောင်းမုံမိန်း | ၁ | ၄၅ | ၄ |
| ၂ | လွိုင်တိုင်းလျှန်း | ၁ | ၇၁၀ | ၄၈ |
| ၃ | လွိုင်လမ် | ၁ | ၃၉ | ၂ |
| ၄ | လွိုင်ဆမ်ဆစ် | ၁ | ၂၀ | ၂ |
| ၅ | လွိုင်ကော်ဝမ်း | ၁ | ၂၁၉ | ၉ |
| | စုစုပေါင်း | ၅ | ၁,၀၃၃ | ၆၅ |

- **ကုန်းကျော် ဒုက္ခသည်စခန်းက စိန်ခေါ်မှုများ**

တခြားသော IDPs စခန်းများကဲ့သို့ပင် ချင်းမိုင်ခရိုင် ဂိန်းဟိုင်မြို့နယ်အတွင်းရှိ ကုန်းကျော် ဒုက္ခသည်စခန်း တွင်လဲစိုက်ပျိုးမြေရှားပါး သည့်အခက်အခဲ နှင့် ကြုံနေရပါသည်။ စခန်းပြင်ပထွက်ပြီး အလုပ်လုပ် ခွင့်မရပေ။ ဆေးကုသမှုလိုအပ်သော ဒုက္ခသည်များမှာ ဂိန်းဟိုင် ထိုင်းဆေးရုံ သို ့ဆေးကုသမှုခံ ယူဖို ့ကို တစ်နာရီကြာ ကားမောင်းသွားရပါသည်။ ကျောင်းတက် နေသော ကလေးများ မှာ ထရပ်ကားများနှင့်စခန်းမှထွက်ရပါသည်။

**IDPs နှင့် ဒုက္ခသည်များ နေရပ်သို့မပြန်နိုင်သေးသော အကြောင်းရင်းများ**

၂၀၁၁ ခုနှစ်က တိုင်းရင်းသားလက်နက်ကိုင်တချို့ ဦးသိန်းစိန်အစိုးရနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် လက်မှတ်ရေးထိုးလိုက်ကတည်းက နိုင်ငံတကာအလှူရှင်များက ထိုင်း-မြန်မာနယ်စပ်ရှိဒုက္ခသည်စခန်းများကို အကူအညီစတင်ဖြတ် တောက်ခဲ့သည်။

RCSS/SSA သည် ၂၀၁၁တွင် နှစ်ဦးနှစ်ဖက်သဘောတူ အပစ်အခတ်ရပ်စဲရေးစာချုပ်အပြင် ၂၀၁၅ တွင်တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင်ပါလက်မှတ်ရေးထိုးထားသော်လည်း အခြေအနေအမျိုးမျိုးကြောင့် ဒုက္ခသည် **များ** ထိုင်း-မြန်မာနယ်စပ် မှ မိမိနေရပ်သို့ မပြန်နိုင်ကြသေးပေ။

- **ရှမ်းပြည်နယ်အတွင်း ဆက်လက် ထိုးစစ်ဆင်မှုများ**

၁၉၉၆-၁၉၉၈ တွင်ရှမ်းပြည် အလယ်ပိုင်းမှ ဒေသခံလူထုအား အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းပြီးနောက် အစိုးရစစ်တပ်သည် အင်အား အဆမတန် တိုးချဲ ကာနေရာယူလာခဲ့သည်။

**Burma Army Deployment Before 1996**




**Burma Army Deployment 2006**



၂၀၁၁ တွင် ၁၄ ခုမြောက် စစ်ဌာနချုပ်တစ်ခုဖြစ်လာသော အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏နေရာသည် ၁၉၉၆-၁၉၉၈ ခုနှစ်က ထိုဒေသမှလူထုအား အတင်းအကျပ်နေရာရွှေ့ပြောင်းခိုင်းသော ဒေသ၏ ဗဟိုချက် နမ့်စန်မြို့နယ် ခိုလမ်တွင် တည်ဆောက်ခဲ့ပါသည်။ ထိုစဉ်ကာလ ကျေးရွာအဆင့်သာရှိသော ခိုလမ်မှာ လက်ရှိတွင် တပ်ရင်းပေါင်း ၂၇ ရင်းဖြင့် အထူးစစ်ဆင်ရေးနယ် အခြေစိုက်စစ်တိုင်းရုံးဖြစ်လာခဲ့သည်။

၂၀၁၂ ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် RCSS/SSA သည် လင်းခေးမြို့နယ်မှ ဟိုမိန်း နှင့်မုန်းထ မြို့နယ်ခွဲတွင် ဌာနချုပ်ရုံးစိုက်ရန် ဖော်ပြထားသော်လည်း အစိုးရစစ်တပ်မှ တပ်ရုတ်နေရာရွှေ့ပေးမှုမရှိသဖြင့် RCSS/SSA ဌာနချုပ်ကို လွိုင်တိုင်းလျန်း၌သာဆက်လက် ထားရှိခဲ့သည်။

- **အစိုးရစစ်တပ်၏ တိုက်ပွဲများနှင့် လူ့အခွင့်အရေးချိုးဖေါက်မှုများ**

ရှမ်းပြည်တပ်မတော် RCSS/SSA နှင့် SSPP/SSA တို့နှစ်ဖွဲ့စလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးထားသော်လည်း အစိုးရ၏စစ်တပ်သည် ၎င်းတို့အား အကြိမ်ရာချီ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ RCSS/SSA သည် ၂၀၁၅ တွင် ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သော်လည်း ကနေ့တိုင် ဟိုပုံး မိုင်းပျဉ်း နှင့် မိုင်းကိုင်နယ်တစ်ဝိုက် တို့တွင် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေတုန်းပင်ဖြစ်သည်။

တိုက်ပွဲဖြစ်ပွားသောဒေသများတွင် ဒေသခံအရပ်သားများမှာ အစိုးရတပ်မတော်၏လူ့အခွင့်အရေးချိုးဖောက်မှု များကိုခံရဆဲပင်ဖြစ် သည်။ ဥပဒေ မဲ့သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ မုဒိန်းကျင့်ခြင်းများ ဆက်လက်ကျူးလွန်နေဆဲပင်ဖြစ်သည်။ ၂၀၁၇ ခု ဇူလိုင်လ ကစပြီး ဟိုပုံးမြို့နယ်အတွင်းတွင် အထူးစစ်ဆင်ရေးနယ်မြေသဖွယ် တပ်ရင်း ၈ ရင်းဖြင့်လှုပ်ရှားကာ ဟိုပုံးမြို့တစ်ဝိုက်ရှိ ဒေသခံလူထုအား ဖမ်းဆီးစစ်ဆေးရိုက်နှက်ခြင်းများပြုလုပ်ခဲ့သည်။

- **နေရပ်ရင်များ သိမ်းပိုက်ခံရခြင်း**

၁၉၉၆-၁၉၉၈ အတောအတွင်း အစိုးရစစ်တပ်မှအတင်းအကျပ် ရွှေ့ပြောင်းခိုင်းလိုက်သော ရွာပေါင်း ၁၄၀၀ ကျော် မှ ရာချီသောရွာ များမှာ မရှိတော့ပေ။ အများစုမှာ ဘုန်းကြီးကျောင်း နှင့်နေအိမ်များ ယိုယွင်း ပျက်စီးသွားပြီဖြစ်သောကြောင့် ရွာပျောက်



*SHRF ၏ ၁၉၉၈ Dispossessed အစီအရင်ခံစာအရ မိုးနဲတွင် အတင်းအဓမ္မနေရာရွှေ့ ပြောင်းခဲ့ရသောရွာများ*

တောပေါက်သွားခြင်း၊ အစိုးရစစ်တပ်ရန်ကိုကြောက်နေဆဲဖြစ်ခြင်းတို့ကြောင့် မိမိနေရပ်ရင်းသို့ ပြန်လည် အခြေချ ရန် စိုးရွံ့နေကြသည်။

ဥပမာ- အတင်းအကျပ်ရွှေ့ပြောင်းခိုင်းသောမြို့နယ် ၁၁ နယ်ထဲမှ တစ်နယ်ဖြစ်သော မိုးနဲမြို့နယ်တွင် ၁၉၉၆ မတိုင်ခင်အထိ ရွာပေါင်း ၂၂၄ ရွာရှိခဲ့ဖူးသည်။ သို့သော် ယခုအခါတွင် ၈၃ ရွာ သာကျန်ရှိတော့ပြီး၎င်းထဲမှ ၂၇ ရွာမှာ နောက်ပိုင်းမှ တည်ရှိလာသောရွာသစ်ဖြစ်သည်ဟု လဂကရုံးမှ သိရပါသည်။ ၁၄၁ ရွာမှာ ဖျက်ဆီးခံရသည့် သဘောပင် ဖြစ်သည်။

ဥပမာ "ဂ" ပြန်လည်နေရာချထားရေးအတောအတွင်း မိုင်းဆတ်အရှေ့ဖက်မှ ထွက်ပြေးလာသော ဒုက္ခသည်များ၏ အိမ်များမှာ 'ဂ'တပ်၏ထိန်းချုပ် မှုလက်အောက်တွင်ရောက်ရှိနေပြီဖြစ်သည်။ အရင်တုန်းကရှမ်းရွာများ ဖြစ်သော မိုင်းကန်ချိုင့်ဝှမ်း ဒေသမှာ ဂထိန်းချုပ်မှုအောက် အပြီးအပိုင်ရောက်ရှိသွားပြီဖြစ်သည်။

**ဥရောမစီမံကိန်းကြီးများကြောင့် လယ်ယာမြေဆုံးရှုံးရန် ခြိမ်းခြောက်ခံရခြင်း**

အစိုးရ၏ ရေကာတာနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းစီမံကိန်း၏ နောက်ကွယ်တွင် ဒုက္ခသည်များ၏ ကျေးလက်နေအိမ်များ ပျက်စီးဆုံးရှုံး သွားမည်ဖြစ်သည်။



တာဆန်းဆည်(မိုင်းတုံဆည်)အပြီးရေလွှမ်းမည့်ဧရိယာနယ်ပယ် , Shan Sapawa's 2006 report Warning Signs

ဥပမာ- ထိုင်းနှင့်တရုတ်ဖက်စပ်ကုမ္ပဏီမှ သံလွင်မြစ်ပေါ် အထက်မိုင်းတုံရေကာတာတည်ဆောက်ကာ ရရှိလာမည့် လျှပ်စစ်ဓါတ်အားကို ထိုင်းနိုင်ငံကို ပြန်လည်ရောင်းမည့် ၈ ရာမ စီမံကိန်းကြီးအကောင်အထည်ဖော်နိုင်ခဲ့ပြ သံလွင်မြစ် လက်တက်တခုဖြစ်သော ကွန်ဟိန်းမြို့နယ် နမ့်ပန်ချောင်း တစ်လျှောက် မြို့ရွာများ ရေအောက်ရောက်သွား မည်ဖြစ်သည်။ ၁၉၉၆-၁၉၉၈ တွင် လူဦးရေ ၅၀၀၀၀ ခန့်ကို ထိုနေရာ မှအတင်းအကျပ်နေရာရွှေ့ထားခိုင်းပြီးဖြစ် သည်။ဆည်ကြီးတည်ဆောက်ဖြစ်ပါက ဒုက္ခသည်များနေရပ်သို့ပြန်လာနိုင်တော့မည်မဟုတ်။

အလားတူပင် အစိုးရစစ်တပ်ပိုင် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် အီတလီ-ထိုင်းပါဂါကုမ္ပဏီတို့၏ မိုင်းခုတ်၊ မိုင်းဆတ်တွင် တူးဖော်မည့် လီကနိုက်(lignite) သတ္တုတွင်းနှင့် ကျောက်မီးသွေး စီမံကိန်းကြီးများက အနီးနားရှိ ရှမ်း ၊ လားဟူ၊ အာခါ လူဦးရေ ၁၀၀၀ ကျော်နေထိုင်သည့် ရွာများမှာ ပျောက်သုဉ်းပျက်စီးသွားမည်မှာမလွဲပေ။

အစိုးရစစ်တပ်၏ဖမ်းဆီးလူ့အခွင့်အရေးချိုးဖောက်မှုကြောင့် လွိုင်ကော်ဂမ်းဌာနသို့ ထွက်ပြေး ခိုလှုံလာသော မိုင်းခုတ်မြို့နယ်ခွဲမှ အ ရပ်သားများ ထိုစီမံကိန်းကြီးအကောင်အထည်ဖော်ဆောင်အောင်မြင်သွားပါက အလားတူပင် နေရပ်သို့ ပြန်နိုင်မည် မဟုတ်ပေ။ အဆိုပါ စီမံကိန်းသည် ထိုင်းနိုင်ငံရှိ မြစ်မကြီးတစ်ခုဖြစ်သော နမ့်ခုတ်မြစ်အား အဆိပ်သင့်ညစ်ညမ်းစေသည်ဟုဆိုကာ ထိုင်းနယ်စပ် ဒေသခံများ အာဏာပိုင်များ ကန့်ကွက်သောကြောင့် စီမံကိန်း ၆ နှစ်ကြာ ရပ်ဆိုင်းသွားခဲ့ပြီး ၂၀၁၇ ဩဂုတ်လ တွင် စီမံကိန်း ပြန်လည်စတင်လည်ပတ် လာပြီဖြစ်သည်။ ရွာသားများကိုတော့ တူးဖော်ရေးလုပ်ငန်းခွင်နှင့် ဝေးဝေးနေရန်ပြောခဲ့ သည်။




Location of Mong Kok Coal Project

Warning Signs အစီအရင်ခံစာမှ တင်ပြထားသည်။)

**နိဂုံး**

ထို့အတွက်ကြောင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေသော်လဲ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များနေရပ်ရင်းသို့ ပြန်ဖို့ မဖြစ်နိုင်သေးပါ။ အစိုးရစစ်တပ်မှ RCSS/SSA နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ကို လိုက်နာခြင်းမရှိပဲ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းတပ်နေရာ တိုးချဲ့ခြင်းများဆက်လက်လုပ်ဆောင်နေသည်။ အရပ်သားများကိုလည်း ဒုက္ခပေးနေဆဲပင်ဖြစ်သည်။

ရာနှင့်ချီသော စစ်ပြေးဒုက္ခသည်များ၏ ရွာများပျက်စီးပျောက်ကွယ်သွားပြီကတစ်ကြောင်း၊ အစိုးရစစ်တပ်၊ ပြည်သူ့စစ်နှင့် ဂ စစ်တပ်သို့ တပ်စွဲနေတာကတစ်ကြောင်း ဒုက္ခသည်များနေရပ်သို့ ပြန်ရန်မဖြစ်နိုင် သေးပေ။

စစ်မှန်သော တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ အစိုးရစစ်တပ်များဆုတ်ခွာရေးနှင့် နိုင်ငံရေးနည်းလမ်းနှင့် နည်းစနစ် ကျကျ ဖြေရှင်းမှုမရှိသေးပါက စစ်ပြေးဒုက္ခသည်များ နေရပ်သို့ပြန်ရဲသေးမည်မဟုတ်။

စစ်ပြေးဒုက္ခသည်များစိတ်ဆန္ဒအတိုင်းနေရပ်သို့လုံလုံခြုံခြုံ နှင့် ဂုဏ်သိက္ခာရှိရှိပြန်နိုင်လောက်သည့်အချိန်အထိ နိုင်ငံတကာ အလှူရှင်များမှ ဆက်လက်ကူညီထောက်ပံ့မှုများပေးသွားရန် အကြံပြု ပါသည်။